ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

<u>အမိန့်ကြော်ငြာစာ</u>

အမှတ်၊ ၂၄ /၂၀၂၀

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ လ ၆ ရက်)

ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစားများနှင့်စပ်လျဉ်း၍
အမိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ထိုဥပဒေ၏ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ဇယား၊ ပါ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ကုန်စည်အမျိုးအစားများအနက် ကုန်စည်(၁၇)မျိုးနှင့် စပ်လျဉ်း၍ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် အမိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်းဖြစ်ပါသည်။

သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤအမိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် ကုန်စည်ထုတ်လုပ်သူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ကုန်စည် တင်သွင်းရောင်းချသူ အခွန်ထမ်းများသည် ကုန်စည်ဝယ်ယူသူများထံမှ မိမိရောင်းချသည့် ကုန်စည်တန်ဖိုးနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ထည့်သွင်းကောက်ခံရန် မလိုအပ်သည့် ကုန်စည် (၁၇) မျိုးနှင့်စပ်လျဉ်း၍ ဤဝန်ကြီးဌာနက မည်သို့အဓိပ္ပာယ်ဖွင့်ဆိုကြောင်းနှင့်စပ်လျဉ်းသည့် ရှင်းလင်း အသိပေးချက် ဖြစ်ပါသည်။

အကျိုးသက်ရောက်သူများ

၃။ ဤထုတ်ပြန်ချက်သည် ကုန်စည်ထုတ်လုပ်ရောင်းချသူ၊ ကုန်စည်တင်သွင်းရောင်းချသူနှင့် ကုန်သွယ်မှုဆောင်ရွက်သူ အခွန်ထမ်းများနှင့် ကုန်စည်ဝယ်ယူသူများအပေါ် အကျိုးသက်ရောက်ပါ သည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ကုန်စည်ထုတ်လုပ်သူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ကုန်စည်တင်သွင်းရောင်းချသူ အခွန်ထမ်းများသည် မိမိရောင်းချသည့် ကုန်စည်တန်ဖိုးနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို ထည့်သွင်းကောက်ခံရန် တာဝန်ရှိပါသည်။

၅။ ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) တွင် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရမည့် ကုန်စည်အမျိုးအစားများကို ပြဋ္ဌာန်းထားပါသည်။

**အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်**

၆။ ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ၂၄-၉-၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၃၀ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေ၏ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ပါ ကုန်စည်အမျိုးအစားများမှအပ ကျန်ကုန်စည်များအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည် ဖြစ်ပါသည်။

၇။ အဆိုပါ အခွန်မကျသင့်သည့် ကုန်စည်အမျိုးအစားများနှင့်သက်ဆိုင်သည့် အဓိပ္ပာယ်ကို ရှင်းလင်းစွာ သိရှိမှသာ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည့် ကုန်စည်များအပေါ် မှန်ကန်ထိရောက်စွာ ကောက်ခံဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၈။ သို့ဖြစ်ပါ၍ အဆိုပါ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထိုဥပဒေ၏ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ဇယားပါ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစားများအနက် ရှင်းလင်းဖော်ပြရန်လိုအပ်သည့် ကုန်စည် (၁၇) မျိုး ၏ အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်များကို အောက်ပါအတိုင်းထုတ်ပြန် သတ်မှတ်လိုက်သည် -

| စဉ် | အမှတ်စဉ် | ကုန်စည်အမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၁ | ၁ | အစေ့ထုတ်ပြောင်းနှင့် ပြောင်းစေ့အမျိုးမျိုး | အစေ့ထုတ်ပြောင်းဆိုသည်မှာ တိရစ္ဆာန် အစာအဖြစ် စိုက်ပျိုးသောပြောင်းဖူးမျိုးစိတ်ကို ဆိုလိုသည်။ ပြောင်းစေ့အမျိုးမျိုးဆိုသည်မှာ လူနှင့် တိရစ္ဆာန်တို့ စားသုံးရန်အတွက် အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ နှံစား ပြောင်းတို့မှ ခွဲလှေ့ထားသော ပြောင်းဆံ/ စေ့များကို ဆိုလိုသည်။ |

| စဉ် | အမှတ်စဉ် | ကုန်စည်အမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၂ | ၈ | နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့် အမျိုးမျိုး။ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) ၏ ထောက်ခံချက် လက်မှတ်ရရှိပြီးဖြစ်သော ပေါင်းတင်ပြီး မလိုင်အပြည့်ပါ နို့ (full cream pasteurised milk ) ၊ အဆီနည်းသည့် ပေါင်းတင်ပြီး နို့ ( low-fat pasteurised milk)၊ ပိုးသတ်သန့်စင်ထားသော နို့( sterilized milk ) ၊ အပူလွန်နည်းပညာဖြင့် ပြုပြင်ထားသော နို့ (Ultra Heat Treated milk- UHT) ၊ မလိုင် (cream) ၊ ထောပတ် (Butter)၊ ဒိန်ခဲ (cheese)၊ ရေခဲမလိုင်မုန့် (Ice cream)၊ ဒိန်ခဲ၊ ဒိန်ချဉ်ပြုလုပ်ရန်အလျှဉ် (Starter culture for yoghurt and cheese) ၊ နို့ဆီ(Sweetened condensed milk)၊ နို့စိမ်း (Evaporated milk)၊ အဆီပြည့်နို့မှုန့်(Full cream/whole milk powder)၊ မလိုင်ထုတ်ပြီး နို့မှုန့် (Skimmed milk powder) တို့ ပါဝင်ပါသည်။ (နွားနို့၊ ကျွဲနို့ နှင့် ဆိတ်နို့များမှ ထုတ်လုပ်ထားခြင်းမရှိသည့် နို့အစားထိုးထုတ်ကုန်များ နှင့် Creamer များ ပါဝင်ခြင်းမရှိပါ။) |
| ၃ | ၈ | ဒိန်ချဉ် | အဆင်းအနံ့မထည့်ရသေးသော ဒိန်ချဉ် (Plain yoghurt) ၊ အဆင်းအနံ့ထည့်သော ဒိန်ချဉ် (Flavoured yoghurt)၊ အဆီထုတ်ထားသည့် ဒိန်ချဉ် (Skim milk yoghurt)တို့ ပါဝင်ပါ သည်။ (နွားနို့၊ ကျွဲနို့နှင့်ဆိတ်နို့များမှ ထုတ်လုပ်ထားခြင်းမရှိသည့် နို့အစားထိုးထုတ်ကုန်များ ပါဝင်ခြင်းမရှိပါ။) |
| ၄ | ၈ | ပဲနို့ | အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာန ( FDA) ၏ထောက်ခံချက် လက်မှတ်ရရှိပြီးသော ပဲနို့ကို ဆိုလိုပါသည်။ |
| ၅ | ၁၁ | တိရစ္ဆာန် | တိရစ္ဆာန်ဆိုသည်မှာ ကုန်းနေ၊ ရေနေ၊ သို့မဟုတ် ကုန်းနေရေနေသတ္တဝါကိုဆိုသည်။ ယင်းစကားရပ်တွင်ထိုတိရစ္ဆာန် တစ်မျိုးမျိုး၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း |

| စဉ် | အမှတ်စဉ် | ကုန်စည်အမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| | | | တို့ကို ဆိုလိုသည်။ |
| ၉ | ၁၄ | လယ်ယာကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ။ | လယ်ယာကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များဆိုသည်မှာ သင်၊ သက်ငယ်၊ သပေါ်၊ ဓနိ၊ တောင်ထန်း၊ ဝဋ အစရှိသည်တို့ကို ဆိုလိုပါသည်။ |
| ၁၀ | ၁၄ | အုန်းဆီ (စားအုန်းဆီမဟုတ်)။ | အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာန ( FDA) ၏ထောက်ခံချက် လက်မှတ်ရရှိပြီးသော အုန်းဆီကို ဆိုလိုပါသည်။ |
| ၁၁ | ၂၃ | ဓာတ်မှန် ဖလင် ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာတန်ဆာပလာများနှင့် ကုသရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဖက်ဆိုင်ရာသုံးပစ္စည်း ကိရိယာတန်ဆာပလာများ။ | ရောဂါရှာဖွေရာတွင် အသုံးပြုသည့် ဆေးပစ္စည်းကိရိယာများဖြစ်သည့် ဓာတ်မှန်ရိုက်ဖလင်၊ ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်း ကိရိယာတန်ဆာပလာများသာ ပါဝင်မည် ဖြစ်ပါသည်။ ဆေးဖက်ဆိုင်ရာ ပစ္စည်းကိရိယာများတွင် ဆေးရုံ/ ဆေးခန်းသုံးပစ္စည်းကိရိယာများဖြစ်သော Medical Equipments များ၊ Laboratory Equipment များပါဝင်ပြီး မျက်စိဆေးရုံ/ ဆေးခန်းသုံးပစ္စည်း ကိရိယာများအတွက် တင်သွင်းသည့် Medical Equipments များလည်း ပါဝင်သည်။ ဆေးဖက်ဆိုင်ရာပစ္စည်း ကိရိယာတန်ဆာပလာများကို နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြထားပါသည်။ |
| ၁၂ | ၂၃ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံးတစ်ခါသုံးနှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove) ၊ တုပ်ကွေး ရောဂါကူးစက်ခြင်းအား ကာကွယ်ရန် တပ်ဆင်သည့် နှာခေါင်းစည်း။ | ရောဂါကာကွယ်ရာတွင်၊ ကုသရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ အထောက်အကူအနေဖြင့်သော်လည်းကောင်း၊ အသုံးပြုသည့်ဆေးပစ္စည်းများဖြစ်သော ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံး ပစ္စည်းများ၊ ဆေးရုံသုံး တစ်ခါသုံးနှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် ( Surgical Glove and Examination Glove)၊ တုပ်ကွေးရောဂါကူးစက်ခြင်းအား ကာကွယ်ရန် တပ်ဆင်သည့် နှာခေါင်းစည်းတို့ကို ဆိုလိုပါသည်။ ရောဂါကာကွယ်၊ ကုသခြင်းနှင့် မသက်ဆိုင်သော ဆေးရုံသုံးပစ္စည်းများကို မဆိုလိုပါ။ (ဥပမာ - ဆေးဗီရို၊ Temp Record Chart စသည်-) |

| စဉ် | အမှတ်စဉ် | ကုန်စည်အမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| | | သီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သော ကိရိယာ၊ စက်နှင့်စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန် လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံး ကိရိယာများ၊ မွေးမြူရေး လုပ်ငန်းသုံး စက်နှင့်စက်အပိုပစ္စည်းများ။ | (Laboratory Equipment)နှင့် ဓာတ်ခွဲခန်း စမ်းသပ်ပစ္စည်းများ၊ နိုက်ထရိုဂျင်အရည်ထုတ်စက် (Liquid Nitrogen Production Unit)၊ နိုက်ထရိုဂျင် အရည်ထည့်အိုးများ (Liquid Nitrogen Tank)၊ မျိုးချောင်းထုတ်စက် (Semen processing plant)၊မျိုးချောင်း အမှတ်အသားရိုက်စက် (Straw labelinf machine)၊ အစာတောင့်ထုတ်စက် (Pallet machine) ၊ အစာအမှုန့်ကြိတ်စက် (Feed Grinding machine)၊ အစာမွှေစက် (Feed Mixer/TMR mixer)၊ နွားစာစင်းစက် (Chopper)၊ မြက်ရိတ်စက် (Grass Cutter)၊ ကောက်ရိုးထုံးစက်(Straw bailing Machine)၊ မြက်ခြောက်ထုံးစက်(Hay bailing machine)၊ မြက်ချဉ်ဖတ် ရိုက်စက် (Silage processing and bailing machine)၊ အစာအခြောက်ခံစက် (Feed Drying machine)၊ နွားညှပ်တန်းနှင့် ညှပ်စင်(Cattle crash)၊ နွားချေးသန့်စင်စက် (Nutrient recovery machine)၊ နို့ပေါင်းတင်သန့်စင်စက် (Batch/ pouch pasteurizer)၊ နို့အအေးချစက် (Milk cooling tank) ၊ နို့ညှစ်စက် (Milking machine) ၊ အလိုအလျောက် နို့အိတ်သွတ်စက်(Automatic filling and packing machine)၊ မလိုင်ခွဲထုတ်စက် (Cream separator)၊ ဒိန်ခဲထုတ်လုပ်သည့်စက် (Cheese processor)၊ ရေခဲမလိုင်မုန့် ပြုလုပ်စက်(Ice cream maker)၊ နို့စုဆောင်းသယ်ဆောင်ပုံးများ (Milk can)၊ နို့အအေးချသယ်ဆောင်တိုင်ကီများ (Milk transportation cooling tank) နှင့် စက်ကရိယာအပိုပစ္စည်းများ ပါဝင်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သော မွေးမြူရေးလုပ်ငန်းသုံး ကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံးစက်၊ စက်အပိုပစ္စည်းများစာရင်းကို နောက်ဆက်တွဲ (ဃ)ဖြင့် ဖော်ပြထားပါသည်။ |

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

မြန်မာနိုင်ငံစာရင်းကောင်စီ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများအားလုံး

ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
} (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းပေးနိုင်ပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)
} (ညီနောင်အသင်းများအား ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

(ထွန်းထွန်းနိုင်)
အမြဲတမ်းအတွင်းဝန်